တက်တောင်ကျေးရွာ
ရွာငံမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၂၂-၂၀၂၆)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
တက်တောင်ကျေးရွာ
(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)
၂၀၂၂ခုနှစ်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	စကားချီး	
	ကျေးရွာသယံဇာတပြမြေပုံ	
၁	**တည်နေရာနှင့် ပထဝီဝင်အနေအထား**	
၂	**ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**	
၃	**ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**	
၄	**စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ**	
	(က) သီးနှံစိုက်ပျိုးရေး	
	(ခ)မွေးမြူရေးလုပ်ငန်း	
	(ဂ)ငါးလုပ်ငန်း	
	(ဃ)စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	
	(င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	
၅	**အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**	
	(က)ကျေးလက်သယ်ယူကပို့ဆောင်ရေး	
	(ခ)ကျေးရွာမီးလင်းရေး	
	(ဂ)သတင်းနှင့် ဆက်သွယ်ရေး	
၆	**ပညာရေး**	
၇	**ကျန်းမာရေး**	
၈	**ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	
၉	**ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ**	
၁၀	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ**	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	
	နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	
	နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား	
	နောက်ဆက်တွဲ(၄) နှစ်အလိုက်ဦးစားပေးစီမံချက်များလျာထားချက်	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၀/၂၁ဘဏ္ဍာရေးနှစ် မှ ၂၀၂၄/၂၅ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံး သောလူအများပါဝင် ရေးဆွဲသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူး ပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင်ရွက် ခဲ့ကြသော်လည်းလူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမကကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံ လိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှု တို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များ ကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီ အစဉ်များ၊

ဘတ်ဂျတ်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မ အဆင့်ဆင့် တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ) သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီးအဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

စက်တင်ဘာလ၊ ၂၀၂၂ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

တက်တောင်ကျေးရွာ

ရွာဝံမြို့နယ်

တက်တောင်ကျေးရွာ သယံဇာတပြမြေပုံ

၁။ တည်နေရာ၊ရာသီဥတု၊မြေမျက်နှာသွင်ပြင်အနေအထား

တက်တောင်ကျေးရွာသည် ရွာငံမြို့နယ် ဒုတ္ထိုးရေကျေးရွာအုပ်စုတွင် ပါဝင်ပြီး လွန်ခဲ့သော နှစ်ပေါင်းများစွာကပင်တည်ရှိသော ကျေးရွာဖြစ်သည်။**ရွာငံ-မြို့ကြီး-ဟံမြင့်မိုရ်-မန္တလေးလမ်းမကြီး၏ အနောက်ဘက်တွင်တည်ရှိပြီး လမ်းမကြီးနှင့်ပေပေါင်း(၃၅၀၀)ပေ(သို့မဟုတ်) (၀.၆၆၂၈၈)မိုင်ကွာဝေးပါသည်။**တက်တောင်ကျေးရွာသည် တောင်ပေါ်ရွာဖြစ်သော်လည်း MPT တာဝါတိုင် လည်းရှိပြီး လမ်းပန်းဆက်သွယ်ရေး သင့်တင့်သောနေရာတွင်ရှိပါသည်။ စိမ်းလန်းစိုပြည်သောသစ်တောများကလည်း ဝိုင်းရံလျှက်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်

တက်တောင်ကျေးရွာသည်ရာသီဥတုအပူအအေးမျှတပြီး တောင်ထိပ်တွင်တည်ရှိကာ စိမ့်စမ်းရေထွက်တွင်း (၃)တွင်းရှိပါသည်။ ကျောက်နှင့်သဲကို အနီးအနားတွင်ရရှိနိုင်သည်။

၃။ ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုအခြေအနေ

တက်တောင်ကျေးရွာ အိမ်ထောင်စုပေါင်း(၃၁)စုနှင့် ကျား(၇၉)ဦး မ(၈၂)ဦး စုစုပေါင်းလူဦးရေ (၁၆၁)ဦး ရှိပါသည်။ကျေးရွာတွင် ဓနလူမျိုးများနေထိုင်ပြီး ဗမာလူမျိုး အနည်းငယ်ရှိသည်။ အလုပ်လုပ်နိုင်သည့်အရွယ်မှာ (၇၀%)ခန့်ရှိပြီး အမျိုးသားများနည်းတူ လုပ်ကိုင်နိုင်သည့်အလုပ်များကို ထည့်သွင်းစဉ်းစားပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် အလုပ်လုပ်နိုင်ပါသည်။ ကျေးရွာတွင် အခြေခံပညာမူလတန်းလွန်ကျောင်းရှိသဖြင့် အနီးအနားရှိ ရွာဆိုးကြီးကျေးရွာ၊ ကြို့ပင်ကျေးရွာမှ ကလေးများ တက်တောင်ကျေးရွာမူလတန်းလွန်ကျောင်းသို့ လာရောက်ပညာသင်ကြရသည်။ မူလတန်းကျောင်းသာရှိသဖြင့် ကျေးရွာမှ အလယ်တန်း၊ အထက်တန်းကျောင်းသူ/သားများသည် ရွာနှင့်(၃)မိုင်ကွာဝေးသောဒုတ္ထိုးရေ၊ အ.ထ.က(ခွဲ)ကျောင်းသို့ သွားရောက်ပညာသင်ကြားရပါသည်။ အိမ်ခြေနည်းသဖြင့် ပရဟိတအဖွဲ့မရှိသော်လည်း ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ သာရေးနာရေးများကို တက်ညီလက်ညီ ဝိုင်းဝန်းလုပ်ကိုင်လေ့ရှိပါသည်။ ကျေးရွာတွင်ပြင်ပအဖွဲ့အစည်းမရှိပါ။

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေး

တက်တောင်ကျေးရွာသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အဓိကထား လုပ်ကိုင်ပါသည်။ တက်တောင်ကျေးရွာ၏စိုက်ပျိုးရေးတွင် နှစ်ရှည်သီးနှံနှင့် ရာသီအလိုက်စိုက်ပျိုးသီးနှံဟူ၍ (၂)မျိုးရှိပါသည်။ နှစ်ရှည်စိုက်ပျိုးသီးနှံမှာ လက်ဖက်၊ ကော်ဖီ၊ ထောပတ်၊ ဒညင်းနှင့် ပိန္နဲတို့ဖြစ်သည်။ ရာသီအလိုက်စိုက်ပျိုးသီးနှံများမှာ ပဲအမျိုးမျိုး၊ မြေပဲ၊ နှမ်း၊ ကြက်ဆူနှင့် ပြောင်းတို့ဖြစ်ကြသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ဝက်၊ နွားနှင့် ကြက်များမွေးမြူကြပါသည်။ ဆန်စပါးစိုက်ပျိုးခြင်းမရှိပါ။ ရွာမှထွက်ရှိသည့် အသီးအနှံများကို ရွာငံမြို့၊ ရေဦးကျေးရွာနှင့် ကုန်သည်ပွဲစားများမှ တစ်ဆင့်ရောင်းချခြင်းနှင့် စားဝတ်နေရေးအတွက် ဝယ်ယူသုံးစွဲကြရသည်။ ကျေးရွာတွင် နွားမွေးမြူရေး

အိမ်ထောင်စု(၅)စုရှိပြီး နွားကောင်ရေ(၁၉)ကောင်ရှိသည်။ ဝက်မွေးမြူရေးအိမ်ထောင်စုမှာ (၁၀)စုရှိပြီး ဝက်ကောင်ရေ(၁၉)ကောင်ရှိသည်။

(ဂ) ငါးလုပ်ငန်း

ကျေးရွာသည် မြေနေရာအခက်အခဲရှိသဖြင့် ငါးလုပ်ငန်းဆောင်ရွက်မှု မရှိပါ။

(ဃ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် အခြားဝင်ငွေရ လုပ်ငန်းများလုပ်ကိုင်မှုရှိပါသည်။ ကျပန်းလုပ်သားများ နေ့စားအငှားလိုက်ခြင်းနှင့် အရောင်းအဝယ်လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး အစိုးရဝန်ထမ်းမရှိပါ။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာတွင်ချေးငွေထောက်ပံ့မှုအဖွဲ့အစည်းများမရှိပါ။

၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးနှင့် သွားလာရလွယ်ကူရေးအတွက် မော်တော်ဆိုင်ကယ်များ ၊ကား ထော်လာကျီများ အဓိကထား အသုံးပြုကြသည်။ ကုန်စည်များကို ဆိုင်ကယ်၊ ကား၊ ထော်လာကျီများနှင့် မြေသားလမ်းမှတစ်ဆင့် ကတ္တရာလမ်းမပေါ်သို့ဆက်သွယ်၍တင်ပို့ရောင်းချ နိုင်သည်။ တက်တောင်ကျေးရွာတွင် ယခင်ကကျဉ်းမြောင်းမတ်စောက်သဖြင့် နွားများသွားလာသည့် အခါ လိမ့်ကျသောကြောင့် နွားလိမ့်ပတ်ဟုခေါ်သော မတ်စောက်သည့်လမ်းတစ်နေရာရှိသည်။ နောင်အခါမှတက်တောင်ကျေးရွာသူ/သားများတိုးချဲ့လိုက်သောကြောင့် ကား၊ ထော်လာကျီများ မောင်းနှင်လာနိုင်ခဲ့သည်။ သို့သော် မြေသားလမ်းဖြစ်သည့်အတွက် သွားလာရာ၌အခက်အခဲရှိပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် လျှပ်စစ်မီးမရရှိသေးသဖြင့် ဆိုလာမီးနှင့်ထင်းမီးကိုသာ အသုံးပြုကြပါသည်။ နှစ်စဉ်နှစ်တိုင်း ထင်းခုတ်ကြသူများပြားခြင်းကြောင့် သစ်တောပြုန်းတီးလာပြီး ရာသီဥတု ဖောက်ပြန်လာပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း၊ တီဗွီ၊ ရေဒီယိုစသည်တို့မှရရှိသည်။ ရွာတွင် ဖုန်း(၆၆)လုံး၊ တီဗွီ(၁၂)လုံးနှင့် ရေဒီယို(၅)လုံးခန့်ရှိသည်။

၆။ ပညာရေး

ကျေးရွာတွင် အခြေခံအဆောက်အဦးများဖြစ်သည့် ပညာရေးဝန်ထမ်းအိမ်ရာများရှိသည်။ အခြေခံပညာမူလတန်းလွန်ကျောင်းလည်းရှိပြီး ထိုကျောင်းတွင် တက်တောင်ကျေးရွာ၊ ရွာဆိုးကြီးကျေးရွာနှင့် ကြို့ပင်ကျေးရွာ စုစုပေါင်းရွာ(၃)ရွာ ပညာသင်ကြားနိုင်ပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

တက်တောင်ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းမရှိပါသဖြင့် တက်တောင်ကျေးရွာမှ ရွာသူ/သားများကျန်းမာရေးမကောင်းဖြစ်သည့်အခါတွင် ယုန်တောင်ကျေးရွာဆေးပေးခန်းသို့ သွားရောက်ဆေးကုသမှုခံယူကြရပါသည်။ ရောဂါကြီးကြီးမားမားဖြစ်ပါက ရွာင်မြို့နှင့် ကျောက်ဆည်မြို့

သို့ သွားရောက်ကုသမှုခံယူရပါသည်။ သောက်သုံးရေအတွက် စိမ့်စမ်းရေတွင်း (၃)တွင်းရှိပြီး ထိုရေတွင်းကို တက်တောင်ကျေးရွာ၊ ရွာဆိုးကြီးကျေးရွာနှင့် ကြိုပင်ကျေးရွာ (၃)ရွာတို့မှ အသုံးပြုကြသည်။

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

တက်တောင်ကျေးရွာသည်ဘေးအန္တရာယ်ကျရောက်ခြင်းမရှိပါ။

၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသား၊ အမျိုးသမီးဦးရေမှာ တန်းတူညီမျှ ရှိပါသည်။ ကျေးရွာအဖွဲ့အစည်းများတွင် အမျိုးသမီးများပါဝင်နိုင်ပြီး သာရေးနာရေးများတွင် ပါဝင်လျှက်ရှိပါသည်။

၁၀။ တက်တောင်ကျေးရွာတွင်ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည်- ဒုတ္ထိုးရေကျေးရွာအုပ်စု ကျေးရွာအမည်-တက်တောင်ကျေးရွာ

စဉ်	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့် လုပ်ငန်းစဉ်များ	မှတ်ချက်
၁။	ဖွံ့ဖြိုးရေး	ကွန်ကရစ်လမ်းခင်းခြင်း	ကွန်ကရစ်လမ်းခင်းခြင်း	
၂။	ကျန်းမာရေး	ကျေးလက်ဆေးပေးခန်းရရှိရန်	ကျေးလက်ဆေးပေးခန်းရရှိရန်	
၃။	ငွေကြေး	စိုက်ပျိုးရေး၊မွေးမြူရေး နှင့် အခြားဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင် ရန် အခွင့်အလမ်းနည်းပါးခြင်း	အတိုးနှုန်းသက်သာသောချေးငွေများရရှိရန်	
၄။	ကျန်းမာရေး	ကျန်းမာရေးဟောပြောပွဲများရရှိရန်	ကျန်းမာရေးဟောပြောပွဲများရရှိရန်	
၅။	မီးလင်းရေး	ဆိုလာမီးကိုသာ အသုံးပြုနေရခြင်း	လျှပ်စစ်မီးရရှိရန်	

နောက်ဆက်တွဲ(၁)

တက်တောင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	ရာထူး	မှတ်ပုံတင်အမှတ်	ဖုန်းနံပါတ်	မှတ်ချက်
၁။	ဦးဇော်လင်းထွန်း	ဥက္ကဋ္ဌ	၁၃/ရငန(နိုင်)၀၃၀၇၄၂	၀၉-၄၅၆၇၂၄၈၈၄	
၂။	ဦးစိုးမိုးနေအောင်	ဝယ်ယူရေး	၁၃/ရငန(နိုင်)၀၅၀၁၀၁	၀၉-၄၂၂၈၄၃၆၃၀	
၃။	ဒေါ်မူမူဝင်း	စာရင်းကိုင်	၁၃/ရငန(နိုင်)၀၅၀၁၀၀	၀၉-၄၀၉၀၀၆၆၇၁	
၄။	ဒေါ်နွဲ့နွဲ့မူ	စာရင်းစစ်	၁၃/ရငန(နိုင်)၀၃၂၆၅၁	၀၉-၄၅၈၆၅၂၄၄၉	
၅။	ဒေါ်အေးအေးအောင်	ငွေထိန်း	၁၃/ရငန(နိုင်)၀၆၆၁၄၂	၀၉-၂၆၄၀၉၈၉၂၀	
၆။	ဦးလှိုင်ဝင်း	ဝယ်ယူရေး	၁၃/ရငန(နိုင်)၀၅၃၈၁၂	၀၉-၂၅၂၇၄၃၂၉၈	
၇။	ဦးမျိုးလွင်ဦး	အဖွဲ့ဝင်	၁၃/ရငန(နိုင်)၁၃၈၉၉၄	၀၉-၈၉၀၈၆၄၂၉၂	

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(တက်တောင်ကျေးရွာ)

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေ ပေါင်းများ	အဟန့်အတား နှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁။	အရေးပေါ်အခြေအနေ ဖြစ်လာပါက နှောင့်နှေး ခြင်း	ဆေးပေးခန်း မရှိခြင်း			ကျန်းမာရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ကျေးလက်ဆေးပေးခန်း ရရှိရန်
၂။	စိုက်ပျိုးရေး၊မွေးမြူရေး နှင့် အခြားဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင် ရန် အခွင့်အလမ်းနည်း ပါးခြင်း	အရင်းအနှီး လုံလောက်စွာ မရှိခြင်း			သက်ဆိုင်ရာ ဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း	အတိုးနှုန်းသက်သာသော ချေးငွေရရှိရန်
၃။	ကျန်းမာရေးဆိုင်ရာ နည်းစနစ်များကို လိုက်နာမှုမရှိခြင်း	ကျန်းမာရေး အသိပညာ အားနည်းခြင်း			ကျန်းမာရေးဦးစီးဌာန နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ကျန်းမာရေးဟောပြော ပွဲများပြုလုပ်ရန်
၄။	ဆိုလာမီးကိုသာ အသုံးပြုနေကြရခြင်း	လျှပ်စစ်မီး မရရှိသေးခြင်း	ကျေးရွာသူ/ သားများ တက်ကြွစွာပူး ပေါင်းပါဝင်လို ခြင်း		ဦးစီးဌာန နှင့် ချိတ်ဆက်ပြီး ဆောင်ရွက် ခြင်း	လျှပ်စစ်မီးရရှိရန်

ငွေးပင်ကျေးရွာနှင့် နှစ်အလိုက် ဦးစားပေးလုပ်ငန်းလျာထားချက်

စဉ်	စီမံချက်အမည်	ဦးစားပေးအဆင့်	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅	၂၀၂၆
၁။	ကွန်ကရစ်လမ်းခင်းခြင်း	၁	၂				
၂။	ကျေးလက်ဆေးပေးခန်းရရှိရန်	၂		၂			
၃။	အတိုးနှုန်းသက်သာသောချေးငွေများရရှိရန်	၃			၂		
၄။	ကျန်းမာရေးဟောပြောပွဲများရရှိရန်	၄				၂	
၅။	လျှပ်စစ်မီးရရှိရန်	၅					၂